## ***သတင်းထုတ်ပြန်ချက်***

## ***နိုင်ငံခြားရေးအတွင်းဝန် Shri Harsh Vardhan Shringla ၏ မြန်မာနိုင်ငံသို့ ခရီးစဉ်***

## ***(၂၀၂၁ခုနှစ် ၊ ဒီဇင်ဘာလ ၂၂ -၂၃ ရက်)***

*၁။ အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန်သည် အလုပ်သဘော ခရီးစဉ် အဖြစ် မြန်မာနိုင်ငံသို့ ၂၀၂၁ခုနှစ် ဒီဇင်ဘာလ ၂၂ ရက် မှ ၂၃ ရက်အထိလာ ရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်းတွင် နိုင်ငံခြားရေးအတွင်းဝန်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဌနှင့် အခြားအဆင့်မြင့် ကိုယ်စားလှယ်များအားသွားရောက်တွေ့ဆုံခဲ့ပါသည်။ ထို့အပြင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ အပါအဝင် နိုင်ငံရေးပါတီများနှင့် လူမှုရေးအဖွဲ့ အစည်းများမှ အဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ ပါသည်။ နိုင်ငံခြားရေး အတွင်းဝန်သည် မြန်မာနိုင်ငံ အခြေစိုက် သံအမတ်ကြီးများနှင့် ကုလသမဂ္ဂ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့ပါသည်။*

*၂။ သက်ဆိုင်သူအားလုံးနှင့်တွေ့ဆုံစဉ်၊ နိုင်ငံခြားရေးအတွင်းဝန်သည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီလမ်းကြောင်းဆီသို့ ဆောလျင်စွာပြန်သွားရေး၊ ထိန်းသိမ်းခံရသူများနှင့် အကျဉ်းသားများအား ပြန်လွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေးရေးမှတစ်ဆင့် ပြဿနာများ ဖြေရှင်းရေးနှင့် အကြမ်းဖက်မှု အားလုံးကို အပြီးအပိုင် အဆုံးသတ်စေရေးတို့အပေါ် အိန္ဒိယနိုင်ငံမှ မြင်တွေ့လိုကြောင်း အလေးပေး ပြောကြားခဲ့ပါသည်။* အာဆီယံ၏ ဆောင်ရွက်ချက်များအတွက် အိန္ဒိယနိုင်ငံ၏ ခိုင်မာပြီး တသမတ်တည်း ထောက်ခံမှုကို ထပ်မံအတည်ပြုပြောကြားခဲ့ပြီး ဘုံသဘောတူညီချက် ငါးချက်ကို အခြေခံ၍ လက်တွေ့ကျပြီး အပြုသဘောဆောင်သော နည်းလမ်းဖြင့် ဆောင်ရွက်မှုမှတဆင့် တိုးတက်မှု ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြား ခဲ့သည်။

၃။ နိုင်ငံခြားရေးအတွင်းဝန်က အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရှည်လျားသောနယ်နိမိတ်ချင်း ထိစပ်နေကြောင်း အလေးပေးပြောကြားခဲ့ပြီး အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံ ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆက်လက်ပေးအပ်လျှက်ရှိမှုကို ပြောကြား ခဲ့သည်။ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက်မြန်မာ နိုင်ငံကြက်ခြေနီ အသင်းသို့ အိန္ဒိယနိုင်ငံထုတ် ကာကွယ်ဆေး အလုံးရေ (၁) သန်းကို လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။ ယခုပေးအပ်သည့်ကာကွယ်ဆေးများ၏ တစ်စိတ်တစ်ပိုင်းအား အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ နယ်စပ်တလျှောက် နေထိုင်လျှက်ရှိသော လူမှုအသိုင်းအဝိုင်းများအတွက် အသုံးပြု

သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ဆန်နှင့် ဂျုံတန်ချိန် (၁၀,၀၀၀) ကိုလည်း ကူညီထောက်ပံ့မည်ဟု ကြေညာခဲ့ပါသည်။

၄။ အိန္ဒိယ-မြန်မာနယ်စပ်ဒေသများတွင်နေထိုင်ကြသူများအပါအဝင် ပြည်သူဗဟိုပြုလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် အိန္ဒိယနိုင်ငံ၏ ဆက်လက်ထောက်ပံ့မှုများနှင့် မြန်မာနိုင်ငံတွင်ဆောင်ရွက်လျှက်ရှိသော စီမံကိန်းများဖြစ်သည့် ကုလားတန် ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းနှင့် သုံးနိုင်ငံအဝေးပြေးလမ်းမကြီးကဲ့သို့သော လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာ စီမံကိန်းများအား ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အိန္ဒိယ၏ ကတိကဝတ်ကို နိုင်ငံခြားရေးအတွင်းဝန်မှ ပြောကြားခဲ့ပါသည်။ ထိုအပြင် နိုင်ငံခြားရေး အတွင်းဝန်သည် မြန်မာပြည်သူများကို အကျိုးပြုရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် ပါဝင်သောစီမံကိန်းများကိုလည်း ဆက်လက် ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြု ပြောကြားခဲ့ပါသည်။

၅။ ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ လုံခြုံရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပါအဝင် အထူးသဖြင့် မဏိပူရတောင်ပိုင်းရှိ Churachandpur ခရိုင်တွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ကိစ္စအား ဆွေးနွေးရန် အခွင့်အလမ်းလည်း ပေးခဲ့ပါသည်။ အကြမ်းဖက်မှုမှန်သမျှကို ရပ်တန့်ရန်နှင့် နယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် လိုအပ်ကြောင်း နိုင်ငံခြားရေး အတွင်းဝန်က အလေးပေး ပြောကြားခဲ့သည်။ နှစ်ဖက်စလုံးသည် ၎င်းတို့၏ သက်ဆိုင်ရာ နယ်မြေများကို အခြားတစ်ဖက်မှ မလိုလားအပ်သည့် ဆောင်ရွက်ချက်များအတွက် အသုံးပြုခွင့် မပြုကြောင်း သေချာစေရန်အတွက် ၎င်းတို့၏ ကတိကဝတ်ကို ထပ်လောင်း ပြောကြား ခဲ့သည်။

၆။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် ကီလိုမီတာ ၁၇၀၀ ခန့် ရှည်လျားသော နယ်နိမိတ်ချင်းထိစပ်လျှက်ရှိသည်။ ထိုနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုတိုင်းသည် အိန္ဒိယနိုင်ငံ၏ နယ်နိမိတ်ချင်းထိစပ်နေသော ဒေသများအပေါ် တိုက်ရိုက် သက်ရောက်မှုရှိသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် အိန္ဒိယနိုင်ငံအတွက် အထူးသဖြင့် ၎င်း၏ အရှေ့မြောက်ဒေသအတွက် အလွန်အရေးအကြီးဆုံးဖြစ်သည်။

၇။ ဒီမိုကရေစီအရေးနှင့် ရင်းနှီးသော အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီခဲ့ပါသည်။ ဤအခြေအနေတွင် ဒီမိုကရေစီစနစ်များနှင့် ကျင့်သုံးမှုဆိုင်ရာ စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် လက်တွဲဆောင်ရွက်ခဲ့ပါသည်။ မြန်မာပြည်သူလူထု၏ ဆန္ဒနှင့်အညီ တည်ငြိမ်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် ထိုကဲ့သို့ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအား ပြန်လည်ဆောင်ရွက်သွားမည်ဟု အဆိုပြုပါသည်။

နယူးဒေလီ
*၂၀၂၁ခုနှစ် ၊ ဒီဇင်ဘာလ (၂၃) ရက်*

***